**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ်၊ ၉၆ /၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

(**၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်**)

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ပညာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ **(ဂ)**နှင့် ပုဒ်မ ၉၂ ၊ ပုဒ်မခွဲ **(ခ)**တို့အရ မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ ပညာရေးဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်**-**

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး<br>နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |

အားကစားနှင့် ကာယပညာဦးစီးဌာန

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(စ ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

လူမှုဝန်ထမ်းဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဇ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံပညာရေးကောင်စီ

(ဈ ) ကျောင်းအုပ်ကြီး အဖွဲ့ဝင်

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

World Education

(ဋ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံအထူးပညာရေးအသင်း

(ဌ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံဒေါင်းဆင်ဒရုန်းအသင်း

(ဍ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံနားမကြားလူမှုအဖွဲ့အစည်း

(ဎ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

iSchool (မြန်မာ)

(ဏ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ပြင်ဦးလွင်မျက်မမြင်ကျောင်း

(တ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(မြန်မာ)

(ထ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

Save the Children

(ဒ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

Voluntary Service Overseas (VSO)

(ဓ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မေရီချက်ပ်မင်းနားမကြားသောကလေးများကျောင်း

(န ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

Project Coordinator

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(ပ ) ကိုယ်စားလှယ် (၅) ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ဖ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)

(ဗ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ရွှေမင်းသားဖောင်ဒေးရှင်း

(ဘ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမျက်မမြင်အသင်း

(မ ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)

(ယ) ကိုယ်စားလှယ်တစ်ဦး အတွင်းရေးမှူး

အခြေခံပညာဦးစီးဌာန

ပညာရေးဝန်ကြီးဌာန

(ရ ) ကိုယ်စားလှယ်တစ်ဦး တွဲဖက်အတွင်းရေးမှူး

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံ

၂။ ပညာရေးဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လူတိုင်းအကျုံးဝင်ပညာရေးနှင့် စပ်လျဉ်းသည့် မူဝါဒများ၊ အစီအစဉ်များကို အကောင်အထည်ဖော်မှုနှင့် ထိရောက်မှုအား စောင့်ကြည့်လေ့လာခြင်း၊ လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်းခြင်း ပြုလုပ်နိုင်ရန်နှင့် သင့်တော်သည့် အချိန်ကာလအတွင်း ပြဋ္ဌာန်းပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်ခြင်း၊ အကြံပြု ခြင်း၊

(ဂ) နိုင်ငံတော်မှ မသန်စွမ်းမှုအလိုက် သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရန် လေ့လာခြင်း၊ ပုဂ္ဂလိကပညာသင်အထူးကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ပံ့ပိုးကူညီပေးနိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ခြင်း၊ အထူးကျောင်း လိုအပ်ချက်ကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်းတို့နှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီထံ ပုံမှန် အစီရင်ခံတင်ပြခြင်း၊

(ဃ) မသန်စွမ်းမှုအမျိုးအစားအလိုက် သင်ကြားပေးနိုင်မည့် ကျွမ်းကျင်ဆရာ၊ ဆရာမများ မွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားရန်၊ အရည်အသွေးမြှင့်သင်တန်းများ ဖွင့်

လှစ်ပို့ချရန်နှင့် သက်ဆိုင်ရာကျောင်းများတွင် ခန့်ထားရန်တို့ကို စီစဉ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာဌာနများသို့ တိုက်တွန်းခြင်းနှင့် ညှိနှိုင်းအကြံပြုခြင်း၊

(င) ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်ခြင်းနှင့် အကျိုးသက်ရောက်မှုများအား သက်ဆိုင်ရာဌာနများသို့ သုံးသပ်အကြံပြုခြင်း၊

(စ) အမြင်အာရုံမသန်စွမ်းသူများအပါအဝင် မသန်စွမ်းမှု (၁) မျိုးထက် ပိုသူများအတွက် သင့်တော်သည့် သင်ကြားရေးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ICT အခြေခံ Software များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရန် နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းရာ၌ ပိုမိုလွယ်ကူလျှင်မြန်လာစေရေးတို့အတွက် လက်ရှိစနစ်များအား လေ့လာပြီး အားနည်းချက်များအား ဖော်ထုတ်ခြင်း၊

(ဆ) အကြားအာရုံမသန်စွမ်းသူများအတွက် နားမကြားပညာရေး (Deaf Education) ကို အကောင်အထည်ဖော်ပေးနိုင်ရန် စဉ်ဆက်မပြတ်နှိုးဆော်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း နှင့် အကောင်အထည် ပေါ်လာစေရေး တင်ပြဆောင်ရွက်ခြင်း။

(ပုံ) ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ ၂-၄/၁၀၅(မသန်စွမ်း)/၁၅၁၁၆

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင် ထည့်သွင်းကြေငြာပေးပါရန်။

အမိန့်အရ

ဒေါက်တာဝင်းမြတ်အေး

# ဒုတိယဥက္ကဋ္ဌ(၁)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ